
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# လူမှုရေး
# ဒုတိယတန်း



၂၀၁၈ – ၂၀၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# လူမှုရေး
# ဒုတိယတန်း

၂၀၁၈–၂၀၁၉

မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာန၏ အခြေခံပညာမူလတန်းသင်ရိုးညွှန်းတမ်းအသစ်များ ရေးဆွဲပြုစုအကောင်အထည်ဖော်ဆောင်ရွက်မှုလုပ်ငန်းတွင် ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) က နည်းပညာပံ့ပိုးကူညီမှုပေးပါသည်။


# မာတိကာ


| အခန်း | သင်ခန်းစာ | စာမျက်နှာ |
|---|---|---|
| ၁ | ကျွန်ုပ်တို့၏ စာသင်ခန်း | |
| | (၁-၁) စာသင်ခန်းအတွင်းရှိ ပစ္စည်းများ | ၁ |
| | (၁-၂) စာသင်ခန်းအတွင်းရှိ လုပ်ငန်းများ | ၄ |
| ၂ | ကျွန်ုပ်တို့၏ ကျောင်း | |
| | (၂-၁) ကျောင်းဝင်းအတွင်းရှိ အရာများ | ၈ |
| | (၂-၂) ကျောင်းအတွင်းရှိ လုပ်ငန်းများ | ၁၂ |
| ၃ | ကျွန်ုပ်တို့၏ ကျောင်းပတ်ဝန်းကျင် | |
| | (၃-၁) ကျောင်းပတ်ဝန်းကျင်ရှိ အရာများ | ၁၆ |
| | (၃-၂) ကျောင်းပတ်ဝန်းကျင်ရှိ လုပ်ငန်းများ | ၂၂ |
| ၄ | ကျွန်ုပ်အားကျ ဂုဏ်ယူရသော သမိုင်းဝင်ခေါင်းဆောင်များ | ၂၈ |
| | (၄-၁) ကျန်စစ်သား | ၃၀ |
| | (၄-၂) ရှင်စောပု | ၃၈ |
| | (၄-၃) မဟာဗန္ဓုလ | ၄၆ |
| | လေ့ကျင့်ခန်းများ | ၅၂ |

# အခန်း(၁) ကျွန်ုပ်တို့၏ စာသင်ခန်း

## (၁-၁) စာသင်ခန်းအတွင်းရှိ ပစ္စည်းများ




မောင်မောင်တို့ စာသင်ခန်းကို လေ့လာရအောင်
စာသင်ခန်းထဲမှာ ဘာတွေတွေ့သလဲ





## သင်ကြားသင်ယူမှုလုပ်ငန်း

- စာသင်ခန်းထဲမှာ ဘာတွေရှိသလဲ။
- အဲဒါတွေကို ဘယ်နေရာတွေမှာ တွေ့ရသလဲ။
- မောင်မောင်ရဲ့စာသင်ခန်းနဲ့ သင်တို့စာသင်ခန်းမှာ ဘာတွေ မတူဘူးလဲ။ ဘယ်လို မတူတာလဲ။
- စာသင်ခန်းထဲက အရာတွေကို ဘာအတွက်သုံးသလဲ။ ဘယ်သူတွေသုံးသလဲ။

## (၁-၂) စာသင်ခန်းအတွင်းရှိ လုပ်ငန်းများ






## သင်ကြားသင်ယူမှုလုပ်ငန်း



- အတန်းထဲမှာ ဘာတွေလုပ်ရသလဲ။
- ဘယ်သူတွေလုပ်ရသလဲ။
- အသင်းအလိုက် ဘာတာဝန်တွေ ယူကြသလဲ။

## လေ့ကျင့်ခန်း

လုပ်ငန်း(၁) ကျောင်းသွားရင် ဘာတွေယူသွားရမလဲ။ အမှန် (✓)ခြစ်ပါ။






















လုပ်ငန်း(၂) ယှဉ်တွဲပါ။






လုပ်ငန်း(၃) သင်ပုန်းကို တခြားဘယ်နေရာတွေမှာသုံးတာ တွေ့ဖူးသလဲ။
ဘာကြောင့်သုံးတာလို့ ထင်သလဲ။

လုပ်ငန်း(၄) အတန်းထဲမှာ ဘာတွေလုပ်ကြရသလဲ။ ဘာအတွက်လုပ်ရတာလဲ။

# အခန်း(၂) ကျွန်ုပ်တို့၏ ကျောင်း

## (၂-၁) ကျောင်းဝင်းအတွင်းရှိ အရာများ




ကျောင်းအုပ်ကြီး ရုံးခန်း
မောင်မောင်ရဲ့ စာသင်ခန်း



မောင်မောင်တို့ ကျောင်းကို ကြည့်ကြရအောင် ကျောင်းထဲမှာ ဘာတွေတွေ့သလဲ



အလံတိုင်နဲ့ မြက်ခင်းတွေ့ပါတယ်



ကျောင်းအုပ်ကြီးရုံးခန်းနဲ့ စာသင်ခန်းတွေ တွေ့ပါတယ်



ရေစင်နဲ့ မုန့်ဆိုင် တွေ့ပါတယ်



သစ်ပင်တွေနဲ့ စိုက်ခင်းလဲ တွေ့ပါတယ်



အမှိုက်ကန်နဲ့ အိမ်သာတွေလဲ တွေ့ပါတယ်




မောင်မောင်တို့ ကျောင်းထဲမှာ သစ်ပင် ဘယ်နှပင် တွေ့သလဲ



သစ်ပင် (၁၂)ပင် တွေ့ပါတယ်

# တို့ကျောင်းအကြောင်း လေ့လာကြရအောင်






# (၂-၂) ကျောင်းအတွင်းရှိ လုပ်ငန်းများ



မောင်မောင်တို့ ကျောင်းထဲမှာ အလုပ်လုပ်နေတဲ့ သူတွေနဲ့ သူတို့ဘာတွေလုပ်နေကြသလဲဆိုတာ လေ့လာကြရအောင်



ကျောင်းအုပ်ဆရာမကြီးက ကျောင်းနဲ့ ပတ်သက်တဲ့ ကိစ္စတွေအားလုံးကို စီစဉ် ဆောင်ရွက်ရတယ်။

ကျောင်းဈေးသည်က မုန့်တွေရောင်း နေတာဖြစ်တယ်။ မုန့်ဈေးတန်း သန့်ရှင်းအောင်လဲ လုပ်ရတယ်။





အထွေထွေလုပ်သားက ကျောင်းအုပ်ကြီး တာဝန်ပေးတဲ့အလုပ်တွေကို လုပ်ရတယ်။

# တို့ကျောင်းထဲက အလုပ်တွေအကြောင်း လေ့လာကြရအောင်



တို့ကျောင်းထဲမှာ အလုပ်လုပ်နေတဲ့ သူတွေနဲ့ သူတို့ ဘာတွေလုပ်နေကြသလဲဆိုတာ သိဖို့ မေးမြန်းမှုအဆင့်တွေကို ကြည့်ကြရအောင်

**မေးမြန်းမှုမပြုမီ ပြုလုပ်ရန်**

မိမိသိလိုတဲ့ အကြောင်းအရာတွေကိုသိဖို့ မေးမဲ့သူကို အရင်ဆုံး ရွေးမယ်။ ပြီးရင် မေးခွန်းတွေကို ပြင်ဆင်မယ်။ ကြိုတင်လေ့ကျင့်မှုတွေပြုလုပ်မယ်။

**မေးမြန်းချိန်တွင် ပြုလုပ်ရန်**

အရင်ဦးဆုံး မိမိကိုယ်ကို မိတ်ဆက်မယ်။ မေးခွန်းတွေ မေးတဲ့အခါ တစ်ယောက်ပြီးမှတစ်ယောက် ယဉ်ယဉ်ကျေးကျေး မေးမယ်။ အဖြေတွေကို သေသေချာချာနားထောင်ပြီး မှတ်ထားမယ်။

**မေးမြန်းပြီးချိန်တွင် ပြုလုပ်ရန်**

စာသင်ခန်းထဲကို ပြန်ရောက်ရင် မေးခဲ့တဲ့မေးခွန်းတွေနဲ့ အဖြေတွေကို အဖွဲ့လိုက် ပြန်လည်ဆွေးနွေးကြမယ်။



မေးမြန်းမှု တစ်ခုလုပ်ဖို့အတွက်
သူတို့ဘာတွေလုပ်ကြသလဲဆိုတာ လေ့လာကြရအောင်

**မေးမြန်းမှုမပြုမီ (မေးခွန်းပြင်ဆင်ခြင်း)**



**မေးမြန်းချိန် (သွားရောက်မေးမြန်းခြင်း)**




**မေးမြန်းပြီးချိန်(ဆွေးနွေးခြင်း)**




## လေ့ကျင့်ခန်း

လုပ်ငန်း (၁) သင့်ကျောင်းတွင်ရှိသည့်အရာများကို အမှန်(✔)ခြစ်ပါ။
မရှိလျှင် အမှား(✘)ခြစ်ပါ။












လုပ်ငန်း (၂) ကျောင်းရဲ့အလံတိုင်က ဘယ်မှာရှိသလဲ။ အလံတိုင်ရှေ့မှာ ဘာတွေ လုပ်ကြသလဲ။


လုပ်ငန်း (၃) ကျောင်းမှာ မုန့်ဈေးတန်းရှိတာ ကောင်းသလား။ ဘာကြောင့်လဲ။

လုပ်ငန်း (၄) ကျောင်းစိုက်ခင်းမှာ ဘာအပင်တွေစိုက်ချင်သလဲ။
ဘာကြောင့်စိုက်ချင်တာလဲ။

# အခန်း(၃) ကျွန်ုပ်တို့၏ ကျောင်းပတ်ဝန်းကျင်

## (၃–၁) ကျောင်းပတ်ဝန်းကျင်ရှိ အရာများ




မောင်မောင်တို့ ကျောင်းပတ်ဝန်းကျင်မှာ
ဘာတွေ တွေ့ရသလဲ လေ့လာကြရအောင်





မောင်မောင်တို့ ကျောင်းပတ်ဝန်းကျင်မှာ
ဘာတွေရှိသလဲ



စတိုးဆိုင် ရှိတယ်



ဆေးခန်း ရှိပါတယ်



ဘောလုံးကွင်းရှိပါတယ်



လူနေအိမ်တွေရှိတယ်



ကစားကွင်းရှိတယ်



ဈေးရှိတယ်



ရဲစခန်းရှိတယ်



သစ်ပင်တွေရှိတယ်



အဲဒါတွေက ဘယ်မှာ ရှိတာလဲ



စတိုးဆိုင်က ကျောင်းရဲ့ဘေးမှာ ရှိတယ်



ဆေးခန်းက ကျောင်းရဲ့ဘေးမှာရှိပါတယ်



ဘောလုံးကွင်းက ကျောင်းရဲ့ဘေးမှာ ရှိပါတယ်



လူနေအိမ်တွေက ကျောင်းရဲ့ဘေးမှာရှိပါတယ်




ကစားကွင်းက ကျောင်းရဲ့ဘေးမှာရှိတယ်



အဲဒါတွေ ဘယ်မှာရှိတယ်ဆိုတာ သေသေချာချာ
သိရအောင် အရပ်မျက်နှာတွေနဲ့ ဖော်ပြပေးလို့ရတယ်





နံနက်ခင်းမှာ နေထွက်ရာဘက်ကို မျက်နှာမူပြီး ရပ်နေပုံ





နေထွက်ရာအရပ်ကိုရှာဖွေပြီး မောင်မောင်တို့ကျောင်းရဲ့
အရပ်မျက်နှာတွေကို ဖြည့်စွက်ကြရအောင်

## နံနက်ခင်းမှာ မောင်မောင်တို့ ကျောင်းလာနေပုံ





အရပ်မျက်နှာတွေအကြောင်းသိပြီဆိုရင်
မောင်မောင်တို့ ကျောင်းပတ်ဝန်းကျင်မှာရှိတဲ့
အရာတွေကို အရပ်မျက်နှာအလိုက်ခွဲခြားပြပါ



ကျောင်းရဲ့ **အရှေ့ဘက်**မှာ ဆိုင်တွေရှိတယ်



သစ်ပင်တွေလဲ ရှိတယ်



ကျောင်းရဲ့ **အနောက်ဘက်**မှာ
ကစားကွင်းရှိတယ်



ကျောင်းရဲ့ **တောင်ဘက်**မှာ ဈေးရှိတယ်



ကျောင်းရဲ့ **မြောက်ဘက်**မှာ ရဲစခန်းရှိတယ်



အိမ်တွေလဲ ရှိတယ်


## တို့ကျောင်းပတ်ဝန်းကျင်ကို လေ့လာကြရအောင်



တို့ကျောင်းပတ်ဝန်းကျင်မှာ ဘာတွေတွေ့ရသလဲ
အဲဒါတွေက ကျောင်းရဲ့ ဘယ်အရပ်မျက်နှာမှာရှိတာလဲ



တို့ကျောင်းရဲ့ အရပ်မျက်နှာကိုရှာဖွေပြီး
ကျောင်းပတ်ဝန်းကျင်မှာရှိတဲ့ အရာတွေကို
အရပ်မျက်နှာအလိုက် ဖြည့်ကြည့်ကြရအောင်



## (၃–၂) ကျောင်းပတ်ဝန်းကျင်ရှိ လုပ်ငန်းများ



မောင်မောင်တို့ ကျောင်းပတ်ဝန်းကျင်မှာ ဘာလုပ်ငန်းတွေ ရှိသလဲ



ကျောင်းပတ်ဝန်းကျင်မှာ ဈေးရှိတယ်



ကျောင်းပတ်ဝန်းကျင်မှာ စတိုးဆိုင်ရှိတယ်

ရဲစခန်းရှိတယ်



ကျောင်းပတ်ဝန်းကျင်မှာ ဆေးခန်းရှိတယ်



ကျောင်းပတ်ဝန်းကျင်မှာ ဆံပင်ညှပ်ဆိုင်ရှိတယ်



ကစားကွင်းရှိတယ်



အဲဒီမှာ ဘာတွေလုပ်သလဲ





ဈေးရောင်းတယ်

စားစရာတွေ ဝယ်လို့ရတယ်



လူဆိုးတွေကို ဖမ်းပေးတယ်

အကူအညီလိုရင် တောင်းလို့ရတယ်








ဆရာဝန်က ဆေးကုပေးတယ်

နေမကောင်းရင် ဆေးခန်းသွားပြလို့ရတယ်



ဆံပင်ညှပ်ပေးတယ်

ဆံပင်ညှပ်တယ်
ခေါင်းလျှော်လို့လဲရတယ်



## တို့ကျောင်းပတ်ဝန်းကျင်မှာရှိတဲ့ လုပ်ငန်းတွေကို လေ့လာကြရအောင်








တို့ကျောင်းပတ်ဝန်းကျင်မှာ ဘာလုပ်ငန်းတွေရှိသလဲ
အဲဒီမှာ ဘာတွေလုပ်သလဲ


## လေ့ကျင့်ခန်း

လုပ်ငန်း(၁) သင့်ကျောင်းပတ်ဝန်းကျင်တွင် ဖော်ပြပါနေရာများရှိလျှင် အမှန်(✔)ခြစ်ပါ။ မရှိလျှင် အမှား(✘)ခြစ်ပါ။




လုပ်ငန်း (၂) ပေးထားသောပုံကို လေ့လာ၍ အောက်ပါမေးခွန်းများကို ဖြေပါ။




(၁) ကျောင်းရဲ့ _________ဘက်မှာ ကစားကွင်းရှိသည်။

(၂) ကျောင်းရဲ့ _________ဘက်မှာ စက်ရုံ၊ အလုပ်ရုံရှိသည်။

(၃) ကျောင်းရဲ့ _________ဘက်မှာ စာတိုက်ရှိသည်။

(၄) ကျောင်းရဲ့ _________ဘက်မှာ ဆေးရုံရှိသည်။

လုပ်ငန်း (၃) မိမိကျောင်းပတ်ဝန်းကျင်မှာရှိတဲ့ လုပ်ငန်းနဲ့ နေရာတွေကိုပြောပြပါ။

လုပ်ငန်း (၄) မိမိကျောင်းပတ်ဝန်းကျင်မှာရှိတဲ့ လုပ်ငန်းနဲ့ နေရာတွေထဲက ဘယ်ဟာတွေကို အကြိုက်ဆုံးလဲ။ ဘာကြောင့် ကြိုက်တာလဲ။

လုပ်ငန်း (၅) မိမိကျောင်းပတ်ဝန်းကျင်မှာ ဘယ်လိုလုပ်ငန်းနဲ့ နေရာတွေ ရှိစေချင်သလဲ။ ဘာကြောင့်လဲ။

# အခန်း(၄)

# ကျွန်ုပ်အားကျ ဂုဏ်ယူရသော သမိုင်းဝင်ခေါင်းဆောင်များ




သူငယ်ချင်းတို့ရေ
ဘိုးဘိုးပြောပြတဲ့
သမိုင်းဝင်ခေါင်းဆောင်တွေထဲက
အားကျ ဂုဏ်ယူပြီး
အတုယူစရာကောင်းတဲ့ သူတွေ
အကြောင်းကို ပြောပြမယ်

# (၄–၁) ကျန်စစ်သား




ပုဂံပြည်မှာ အနော်ရထာမင်းကြီးအားကိုးရတဲ့ သူရဲကောင်းတစ်ယောက်ရှိခဲ့တယ်။ သူ့နာမည်ကတော့ ကျန်စစ်သားဖြစ်တယ်။ ကျန်စစ်သားဟာ ငယ်ငယ်ကတည်းက ရိုးသားဖြောင့်မတ်ပြီး ရဲရင့်ထက်မြက်တဲ့အပြင် တိုက်ခိုက်ရတာကိုလဲ ဝါသနာပါတယ်။




ကျန်စစ်သားအရွယ်ရောက်လာတဲ့အခါ ဓားခုတ်၊ လှံပစ်၊ လေးမြား အတတ်၊ ဆင်စီး၊ မြင်းစီး အတတ်ပညာတွေကို ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်တယ်။ လက်ရုံးရည်၊ နှလုံးရည်နဲ့ ပြည့်စုံတာကြောင့် ပုဂံသူရဲကောင်းတစ်ယောက်အဖြစ် ထင်ရှားလာခဲ့တယ်။




ကျွန်စစ်သား ဘုရင်ဖြစ်လာတဲ့အခါ နိုင်ငံတော်စည်းလုံး ညီညွတ်စေဖို့ မွန်-ဗမာ စည်းလုံးရေးကို ဆောင်ရွက်တယ်။ အရည်အချင်းရှိတဲ့ မွန်ပညာရှိတွေကို ထိုက်သင့်တဲ့ ရာထူးတွေ ပေးတယ်။




စိုက်ပျိုးရေးလုပ်ငန်း တိုးတက်စေဖို့ ဆည်၊ မြောင်း၊ ကန်၊ ချောင်းတွေကို ပြုပြင်တည်ဆောက်ခဲ့တယ်။




ကျန်စစ်သားမင်းဟာ အနော်ရထာမင်းလက်ထက်က အပြီးမသတ်ခဲ့တဲ့ ရွှေစည်းခုံစေတီကို ပြီးစီးအောင်တည်ဆောက်ခဲ့တယ်။ အာနန္ဒာဂူဘုရားကိုလဲ တည်ထားကိုးကွယ်ခဲ့တယ်။



ကျန်စစ်သားမင်း တည်ထားကိုးကွယ်ခဲ့တဲ့ အာနန္ဒာဂူဘုရားနဲ့ ကျန်စစ်သားမင်း လက်ထက်ရေးထိုးခဲ့တဲ့ မြစေတီကျောက်စာဟာ မြန်မာနိုင်ငံမှာသာမက ကမ္ဘာ ထိအောင်ထင်ရှားခဲ့တယ်။



ကျန်စစ်သားမင်းကြီးဟာ တိုင်းရင်းသားစည်းလုံးရေး၊ စိုက်ပျိုးရေးနဲ့ သာသနာရေးတွေကိုလဲ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့တယ်။




ပထမမြန်မာနိုင်ငံတော်ဟာ ကျန်စစ်သားမင်းလက်ထက်မှာ အေးချမ်းသာယာပြီး တိုးတက်ဖွံ့ဖြိုးခဲ့တယ်။


## (၄–၂) ရှင်စောပု



ရှင်စောပုဟာ ဟံသာဝတီဘုရင် ရာဇာဓိရာဇ်ရဲ့ သမီးတော်ဖြစ်တယ်။ ငယ်ငယ်ကတည်းက ဘာသာတရားကို ယုံကြည်လေးစားသူ ဖြစ်တယ်။



ဟံသာဝတီထီးနန်းမှာ ရှင်စောပု ဘုရင်မ ဖြစ်လာတဲ့အခါ သမက်တော် ဓမ္မစေတီကို အိမ်ရှေ့စံအဖြစ် ခန့်ထားခဲ့တယ်။



ရှင်စောပုဟာ ဟံသာဝတီမှာ ဘုရင်မ အဖြစ် ၁၅ နှစ်ကြာ အုပ်ချုပ်ခဲ့တဲ့ အချိန်မှာ ဟံသာဝတီနိုင်ငံဟာ သာယာဝပြော စည်ပင်ခဲ့တယ်။



ပြည်သူတွေ ကိုယ်ရောစိတ်ပါ ချမ်းသာခဲ့ရတယ်။ ဟောင်းနွမ်းပျက်စီးနေတဲ့ စေတီ၊ ကျောင်းနဲ့ ဇရပ်တွေကို ပြုပြင်ခဲ့တယ်။



ဘုရင်မကြီးရှင်စောပုဟာ သမက်တော်ကို ထီးနန်းလွှဲအပ်ပြီး ဒဂုန်မြို့(ယခု ရန်ကုန်)ကို ထွက်တော်မူခဲ့တယ်။ ရွှေတိဂုံစေတီရဲ့ အနောက်တောင်ထောင့် အရပ်မှာ မြို့သစ်၊ နန်းသစ် တည်ပြီး စံတော်မူတယ်။



ဒဂုန်မြို့မှာ စံနေတော်မူစဉ်အတွင်း ရှင်စောပုဟာ ရွှေတိဂုံစေတီကို နေ့စဉ် သွားရောက်ဖူးမြော်တယ်။ စေတီတော်ကြီးကိုလဲ အောက်ခြေအထိ ပြုပြင်မွမ်းမံပြီး ရွှေသက်န်း ကပ်လှူခဲ့တယ်။ စေတီပတ်ဝန်းကျင်မှာ ဥယျာဉ်တွေ ပြုလုပ်စေခဲ့တယ်။




ရှင်စောပုလက်ထက်မှာ ဟံသာဝတီဟာ ငြိမ်းချမ်းသာယာခဲ့တယ်။ စစ်မက်လဲ ကင်းခဲ့တယ်။ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတွေလဲ ပေါကြွယ်ဝခဲ့တယ်။



ရှင်စောပုဟာ မင်းကောင်း မင်းမြတ်တစ်ပါးဖြစ်ပြီး မြန်မာ့သမိုင်းမှာ တစ်ပါးတည်းသော ဘုရင်မအဖြစ် ထင်ရှားခဲ့တယ်။

## (၄–၃) မဟာဗန္ဓုလ



မဟာဗန္ဓုလရဲ့ ငယ်နာမည်က မောင်ရစ် ဖြစ်တယ်။ မောင်ရစ်ကို ဘုတလင်မြို့နယ်၊ ငပယင်းရွာမှာ မွေးဖွားခဲ့တယ်။



မောင်ရစ်ဟာ အရွယ်ရောက်လာတဲ့အခါ အမရပူရကိုသွားပြီး နန်းတော်မှာ အမှုထမ်းခဲ့တယ်။



မောင်ရစ်ဟာ နိုင်ငံတော်အတွက် သက်စွန့်ကြိုးပမ်း ထမ်းရွက်ခဲ့တာကြောင့် မဟာဗန္ဓုလဘွဲ့နဲ့ အလုံမြို့ဝန်ရာထူးကို ခန့်အပ်ခြင်းခံရတယ်။ အာသံပုန်ကန်မှုကိုလဲ နှိမ်နင်းအောင်မြင်ခဲ့တဲ့အတွက် စစ်သူကြီးအဖြစ် ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရပြန်တယ်။



မြန်မာပိုင် ရှင်မဖြူကျွန်းကို ဗြိတိသျှတို့က ကျူးကျော်လာတဲ့အတွက် မဟာဗန္ဓုလကို ချီတက်စေခဲ့တယ်။ ရှင်မဖြူကျွန်းတိုက်ပွဲကို အောင်မြင်စွာတိုက်ခိုက်နိုင်ခဲ့တယ်။



မဟာဗန္ဓုလရဲ့တပ်တွေဟာ ဖြိုတိသျှပိုင် ပန်းဝါကို ဆက်လက်ချီတက်တိုက်ခိုက်ခဲ့တယ်။ ပန်းဝါ တိုက်ပွဲမှာလဲ မဟာဗန္ဓုလရဲ့တပ်တွေ အနိုင်ရခဲ့ပြန်တယ်။ ပန်းဝါတိုက်ပွဲဟာ မြန်မာတို့ရဲ့ ရဲစွမ်းသတ္တိကို ပြသခွင့်ရလိုက်တဲ့ အောင်ပွဲ ဖြစ်တယ်။



အာသံနဲ့ပန်းဝါတိုက်ပွဲကြောင့် စစ်သူကြီးမဟာဗန္ဓုလရဲ့ ဂုဏ်သတင်းဟာ ကျော်ကြားခဲ့တယ်။

**လေ့ကျင့်ခန်း**

လုပ်ငန်း(၁) ကျန်စစ်သားမင်းကြီးရဲ့ အရည်အချင်းထဲက မှန်သောအချက်ကို (✔)၊ မှားသော အချက်ကို (✘) ခြစ်ပါ။
အကယ်၍ (✘) လျှင် အမှန်ကို ပြောပြပါ။

| ကျန်စစ်သားမင်းကြီး၏ အရည်အချင်းများ | |
|---|---|
| ရိုးသားဖြောင့်မတ်ခြင်း | |
| ရဲရင့်ထက်မြက်မှု မရှိခြင်း | |
| ဆင်စီး၊ မြင်းစီးအတတ်များကိုကျွမ်းကျင်စွာတတ်မြောက်ခြင်း | |
| လက်ရုံးရည်၊ နှလုံးရည် ပြည့်စုံမှု မရှိခြင်း | |
| လေးမြားအတတ်ပညာကို ကျွမ်းကျင်မှုရှိခြင်း | |

လုပ်ငန်း(၂) သမိုင်းဝင်ခေါင်းဆောင်ကြီးရဲ့ စွမ်းဆောင်ချက်များထဲက (၃)ခုကို ကြည့်ပြီး မိမိရဲ့ထင်မြင်ချက်ကို ပြောပြပါ။

လုပ်ငန်း(၃) လေ့လာသင်ယူပြီးခဲ့တဲ့ သမိုင်းဝင်ခေါင်းဆောင်တွေထဲက သင်အားကျတဲ့သူ တစ်ယောက်ကို ပြောပြပါ။ ဘာကြောင့်အားကျတာလဲ ပြောပြပါ။

လုပ်ငန်း(၄) သင့်ရဲ့ပတ်ဝန်းကျင် ဒါမှမဟုတ် သင်သိတဲ့လူတွေထဲမှာ မိမိရပ်ရွာ ဒေသ ကောင်းကျိုးအတွက် လုပ်ဆောင်တဲ့သူရှိပါသလား။ ဘယ်သူလဲ။ ဘာတွေလုပ်သလဲ။

လုပ်ငန်း(၅) သင်ကြီးလာရင် ဘယ်လိုခေါင်းဆောင်မျိုးဖြစ်ချင်ပါသလဲ။ ဘာကြောင့်လဲ။